# ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မီရှင်
# ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မီရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၈]

## နိဒါန်း

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မီရှင်သည် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည့်ဝစွာဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာကော်မီရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မီရှင်ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)ကို ပုဒ်မ ၅ ပုဒ်မခွဲ(ဇ)အဖြစ် ပြင်ဆင်ရမည်၊

(ခ) အောက်ပါတို့ကို ပုဒ်မ ၅ ၏ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) အဖြစ် ဖြည့်စွက်ရမည် —

(ဃ) ကော်မီရှင်သည် ၁၉၇၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ

ကျောင်းပရေးကော်မီရှင် ဥပဒေပါ ကော်မီရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အရ ကော်မီရှင်အဖွဲ့ခွဲတခုခု၏ ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်ချက်များ၊ ဆုံးဖြတ်ချက်များကို တွေ့ရှိလျှင် ဥပဒေနှင့်အညီပယ်ဖျက်ပိုင်ခွင့်၊ပြင်ဆင်ပိုင်ခွင့်၊ အသစ်တဖန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းလုပ်ပိုင်ခွင့်များကို အဆင့်မြင့်ကော်မီရှင်အဖွဲ့ခွဲ တခုခုအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(င) ကော်မီရှင်သည် ကော်မီရှင်အဖွဲ့ခွဲ ဖွဲ့စည်းထားခြင်း မရှိသည့်အခါ ကော်မီရှင်အဖွဲ့ခွဲတခုခု၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(စ) ကော်မီရှင်သည် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျောင်းပရေးကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်ချက်များကို ယင်းအားဖွဲ့စည်းသည့်နေ့မှစ၍ ဆက်ခံဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(ဆ) ကော်မီရှင်သည် ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်များကို ကော်မီရှင်အဖွဲ့ခွဲများအား အပ်နှင်းနိုင်သည်။